# နောက်ဆက်တွဲ ၆။ လိုက်နာဆောင်ရွက်စေရန် အရေးယူဆောင်ရွက်ချက်များ

MHF Myanmar Humanitarian Fund

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| **၁။** သတ်မှတ်ရက် ကျော်လွန်နေသည့် ဘဏ္ဍာရေး အစီရင်ခံစာများ (အပြီးသတ် ဘဏ္ဍာရေး အစီရင်ခံစာနှင့် နှစ်စဉ်ပုံသေ ရက်သတ်မှတ် ထားသည့် ဘဏ္ဍာရေး အစီရင်ခံစာ) | • အလှူရှင်များနှင့် ပတ်သက်၍ တာဝန်ခံမှု မရှိခြင်း၊<br>• ဖြစ်လာ နိုင်ဖွယ် ရှိသည့် ပြဿနာများကို သတိမပြု မိခြင်း | • အစီရင်ခံရန် ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ မိတ်ဖက်အား တရားဝင် သတိပေးစာဖြင့် အသိပေးခဲ့ပြီး ဖြစ်သည်။ မိတ်ဖက်တွင် ပြုပြင်လုပ်ဆောင် နိုင်ရန် ရက် ၃၀ အချိန်ရသည်။ ပြုပြင် လုပ်ဆောင်ချက်တွင် ရက်လွန်နေသည့် အစီရင်ခံစာကို တင်သွင်းခြင်း သို့မဟုတ် OCHA HFU နှင့် သဘောတူညီချက် အရ အစီရင်ခံစာ တင်သွင်းရန် ရက်အသစ်ကို ကတိပြုခြင်းတို့ ပါဝင်သည်။<br>• ရက် ၃၀ အတွင်း ပြုပြင်ရန် လုပ်ဆောင်ချက်ကို မဆောင်ရွက်ပါက မိတ်ဖက်ဖြစ်သူကို မြန်မာနိုင်ငံတွင် အနာဂတ်၌ ရန်ပုံငွေ ထောက်ပံ့ခြင်းမှ ရပ်ဆိုင်းမည်။ ရပ်ဆိုင်းမှုသည် ရက်လွန်နေသည့် အစီရင်ခံစာ(များ) တင်သွင်း အတည်ပြုပြီး သည်အထိ အသက်ဝင်နေမည်။<br>• အစီရင်ခံစာကို သဘောတူထားသည့် ရက်စွဲအသစ်အမီ တင်သွင်းခြင်း မပြုပါက သို့မဟုတ် မူလတင်သွင်းရန် ရက်မှ ရက်ပေါင်း ၆၀ အတွင်း တင်သွင်းခြင်း မပြုပါက | MHF မန်နေဂျာ | ရက် ၃၀ ကြာပြီးနောက် ကနဦး ရပ်ဆိုင်းခြင်းကို သက်ဆိုင်သည့် မိတ်ဖက်အား အီးမေးလ်ဖြင့် အကြောင်းကြားမည်။ (ရပ်ဆိုင်းထားသော မိတ်ဖက်များ အား စီမံချက်အသစ်များ ခွင့်မပြု မိစေရန်) အစုအဖွဲ့များ/ ကဏ္ဍများနှင့် OCHA CBPF ဌာနတို့ကို အကြောင်းကြားမည်။ ရက် ၆၀ ကြာပြီးနောက် ရပ်ဆိုင်းခြင်းကို HC မှ AB၊ အဓိက အကျိုး သက်ဆိုင်သူများနှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းသို့ တရားဝင် အတည်ပြုမည်။ |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| | | HC သည် ရပ်ဆိုင်းမှုကို မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းသို့ ဆက်သွယ်ပြောကြားမည်။ OCHA သည် နောက်ထပ် အရေးယူမှုများကို စဉ်းစားရန် HC နှင့် တိုင်ပင်ဆွေးနွေးမည်။ | | |
| ၂။ သတ်မှတ်ရက် ကျော်လွန်နေသည့် အဓိက အစီရင်ခံစာ များ | • အလှူရှင်များနှင့် ပတ်သက်၍ တာဝန်ခံမှု မရှိခြင်း၊<br>• အစီရင်ခံမှု မရှိခြင်းကြောင့် ဖြစ်လာ နိုင်ဖွယ် ရှိသည့် ပြဿနာ များကို သတိ မပြုမိခြင်း | • အစီရင်ခံရန် ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ မိတ်ဖက်အား တရားဝင် သတိပေးစာဖြင့် အသိပေးခဲ့ပြီး ဖြစ်သည်။ မိတ်ဖက်တွင် ပြုပြင်လုပ်ဆောင် နိုင်ရန် ရက် ၃၀ အချိန်ရသည်။ ပြုပြင် လုပ်ဆောင်ချက်တွင် ရက်လွန် နေသည့် အစီရင်ခံစာကို တင်သွင်းခြင်း သို့မဟုတ် OCHA HFU နှင့် သဘောတူညီချက် အရ အစီရင်ခံစာ တင်သွင်းရန် ရက်အသစ်ကို ကတိပြုခြင်းတို့ ပါဝင်သည်။<br>• ရက် ၃၀ အတွင်း ပြုပြင်ရန် လုပ်ဆောင်ချက်ကို မဆောင်ရွက်ပါက မိတ်ဖက်ဖြစ်သူကို မြန်မာနိုင်ငံတွင် အနာဂတ်၌ ရန်ပုံငွေ ထောက်ပံ့ခြင်းမှ ရပ်ဆိုင်းမည်။ ရပ်ဆိုင်းမှုသည် ရက်လွန်နေသည့် အစီရင်ခံစာ(များ) တင်သွင်း အတည်ပြုပြီးသည် အထိ အသက်ဝင် နေမည်။ | MHF မန်နေဂျာ | ရက် ၃၀ ကြာပြီးနောက် ကနဦး ရပ်ဆိုင်းခြင်းကို သက်ဆိုင်သည့် မိတ်ဖက်အား အီးမေးလ်ဖြင့် အကြောင်းကြားမည်။ (ရပ်ဆိုင်းထားသော မိတ်ဖက် များအား စီမံချက် အသစ်များ ခွင့်မပြုမိစေရန် အစုအဖွဲ့များ/ ကဏ္ဍများနှင့် OCHA CBPF ဌာနတို့ကို အကြောင်းကြားမည်။ ရက် ၆၀ ကြာပြီးနောက် ရပ်ဆိုင်း ခြင်းကို HC မှ AB၊ အဓိက အကျိုး သက်ဆိုင်သူများနှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းသို့ တရားဝင် အတည်ပြုမည်။ |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| | | • အစီရင်ခံစာကို သဘောတူထားသည့် ရက်စွဲအသစ်အမီ တင်သွင်းခြင်း မပြုပါက သို့မဟုတ် မူလတင်သွင်းရန် ရက်မှ ရက်ပေါင်း ၆၀ အတွင်း တင်သွင်းခြင်း မပြုပါက HC သည် ရပ်ဆိုင်းမှုကို AB၊ ရန်ပုံငွေအဖွဲ့၏ အကျိုးသက်ဆိုင်သူများနှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းသို့ ဆက်သွယ်ပြောကြားမည်။ OCHA သည် နောက်ထပ် အရေးယူမှုများကို စဉ်းစားရန် HC နှင့် တိုင်ပင်ဆွေးနွေးမည်။ | | |
| **၃။** အလွန်အရေးကြီးသည့် စာရင်းစစ် တွေ့ရှိချက်များ/ အရည်အသွေး ပြည့် စာရင်းစစ် ထင်မြင်ချက်များ၊ အထူးသဖြင့် အလွန် အရေးကြီးသည့် ဌာနတွင်း ထိန်းချုပ်မှုများ၊ ဌာနတွင်း ထိန်းချုပ်မှုများတွင် ကြီးမားသည့် အားနည်းချက်များ၊ ဘဏ်စာရင်း ပြန်လည် ကိုက်ညှိမှု | • လိမ်လည်မှု<br>• ရန်ပုံငွေများ အလွဲအသုံးပြုမှု<br>• ရန်ပုံငွေများ ဆုံးရှုံးမှု | • အပြီးသတ်စာရင်းစစ်ခြင်းကို လုပ်ဆောင်ပြီး သည့်အခါ မိတ်ဖက် ဖြစ်သူသည် အလွန် အရေးကြီးသည့် စာရင်းစစ် တွေ့ရှိချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် OCHA ၏ လုပ်ဆောင်ရန် အစီအစဉ် အပေါ် သဘောတူညီရန် ရက် ၃၀ အချိန်ရသည်။ အချိန်တစ်ချိန် ကိုလည်း သဘောတူညီရန် လိုအပ် သည်။ မိတ်ဖက်ဖြစ်သူသည် OCHA ၏ လုပ်ဆောင်ရန် အစီအစဉ်အပေါ် ရက်၃၀ အတွင်း သဘောမတူပါက မိတ်ဖက်ဖြစ်သူအား မြန်မာနိုင်ငံအတွင်း အနာဂတ်တွင် ရန်ပုံငွေ ထောက်ပံ့ခြင်းမှ ရပ်ဆိုင်းမည်။ | MHF မန်နေဂျာ | OCHA သည် စာရင်းစစ် တွေ့ရှိချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူညီထားသည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပြီးကြောင်း သက်သေပြသည့် စာရွက်စာတမ်းများ တင်သွင်းရန် မိတ်ဖက်ဖြစ်သူကို တောင်းဆိုမည်။ OCHA သည် အနာဂတ်တွင် စာရင်းစစ်ခြင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် မိတ်ဖက်ထံသို့ |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| မရှိခြင်းများ၊ နှစ်ဖက်သွင်း စာရင်းကိုင် စနစ် မရှိခြင်း၊ အထောက်အကူပြု စာရွက် စာတမ်းများ မရှိခြင်း | | • စီစဉ်ထားသည့် လုပ်ဆောင်ချက်များကို သဘောတူညီထားသည့် အချိန်သတ်မှတ်ချက်အတွင်း အကောင်အထည်ဖော်ခြင်း မရှိပါက မိတ်ဖက်ဖြစ်သူကို အနာဂတ်တွင် MHF ၏ ရန်ပုံငွေ ထောက်ပံ့ခြင်းမှ ရပ်ဆိုင်းမည်။ သဘောတူညီ ထားသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ပြီး OCHA သို့ ပြန်လည် အစီရင်ခံသည်အထိ ရပ်ဆိုင်းမှုသည် ဆက်လက်တည်ရှိနေမည်။<br>• ချွင်းချက်အခြေအနေများတွင် မိတ်ဖက်ဖြစ်သူသည် နောက်ဆုံးသတ်မှတ်ရက် မကုန်ဆုံးမီ လုပ်ဆောင်ချက် အစီအစဉ်ကို ပြန်လည် ညှိနှိုင်းနိုင်သည်။<br>• ရပ်ဆိုင်းသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း လုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်း မပြုပါက HC သည် ရပ်ဆိုင်းမှုကို AB၊ ရန်ပုံငွေအဖွဲ့၏ အကျိုးသက်ဆိုင်သူများနှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းသို့ တရားဝင် ဆက်သွယ်ပြောကြားမည်။ OCHA သည် နောက်ထပ် အရေးယူ ဆောင်ရွက်မှုများကို စဉ်းစားရန် HC နှင့် တိုင်ပင်မည်။ | | စောင့်ကြည့်လေ့လာရေး ခရီးများ ပြုလုပ်ခြင်းဖြင့် ယင်းလုပ်ဆောင်ချက်များအား အတည်ပြုခြင်းကို ဆောင်ရွက်မည်။ မှားယွင်းစွာ ကြေညာခြင်းများနှင့် ဖော်ပြခြင်းများသည် MHF ၏ ရန်ပုံငွေကို ရရှိရန် အကျုံးဝင်နိုင်မှုမှ ၁၂ လ ကြာ ထုတ်ပယ်မှုကို ချက်ချင်း ခံရမည်။ အစုအဖွဲ့များ/ကဏ္ဍများ နှင့် OCHA CBPF ဌာနတို့အား (ရပ်ဆိုင်း ထားသည့် မိတ်ဖက်များထံမှ စီမံချက်အသစ်များ အား အတည်ပြုခြင်းကို ရှောင်ရှားရန်) အသိပေး သွားမည်။<br>ရပ်ဆိုင်းသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း လုပ်ဆောင်ချက်များ ကို ဆောင်ရွက်ခြင်း မပြုပါက HC သည် ရပ်ဆိုင်းမှုကို AB၊ ရန်ပုံငွေ အဖွဲ့၏ အကျိုးသက်ဆိုင်သူ များနှင့် မြန်မာနိုင်ငံရှိ အလှူရှင် |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| | | | | အသိုင်းအဝိုင်း သို့ တရားဝင် ဆက်သွယ် ပြောကြားမည်။ |
| **၄။** အသုံးပြုရန် ကျန်နေသေးသောထို့ပြင်/ သို့မဟုတ် အကျုံးမဝင်သော ရန်ပုံငွေများကို ပြန်လည် မပေးသွင်းခြင်း | • ရန်ပုံငွေများ ဆုံးရှုံးမှု<br>• အလှူရှင်များနှင့် ပတ်သက်၍ တာဝန်ခံမှု မရှိခြင်း | • ပြန်ပေးသွင်းရမည့် ပမာဏကို အပြီးသတ် စာရင်းစစ်ခြင်း/ အပြီးသတ် ဘဏ္ဍာရေး ရှင်းတမ်းက အတည်ပြုသည့်အခါ မိတ်ဖက်ဖြစ်သူကို ပြန်လည်ပေးသွင်းရန် လိုအပ်ချက်နှင့် ပတ်သက်၍ စာဖြင့် အသိပေးမည်။<br>• အကယ်၍ စာပေးပို့သည့် ရက်စွဲမှ ရက်ပေါင်း ၃၀ အတွင်း ပြန်လည် ပေးသွင်းခြင်း မပြုလျှင် မိတ်ဖက်ဖြစ်သူကို အနာဂတ်တွင် MHF ၏ ရန်ပုံငွေ ထောက်ပံ့ခြင်းမှ ရပ်ဆိုင်းမည်။ ပေးသွင်းမှုကို ရရှိသည်အထိ ရပ်ဆိုင်းခြင်းသည် အတည်ဖြစ်နေမည်။<br>• မိတ်ဖက်ဖြစ်သူကို ရပ်ဆိုင်းသည်မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်ပေးသွင်းမှု မပြုလျှင် မိတ်ဖက်ဖြစ်သူသည် ရန်ပုံငွေရရှိရန် အရည်အချင်း ပြည့်မီနိုင်တော့မည် မဟုတ်ပါ။ အခြား လုပ်ဆောင်နေဆဲ စီမံချက်များအတွက် ပေးချေမှုအားလုံးကို လည်း ရပ်ဆိုင်းမည်။ ရပ်ဆိုင်းမှုသည် ပေးသွင်းမှုကို ရရှိသည်အထိ အတည်ဖြစ်နေမည်။ HC သည် ရပ်ဆိုင်းမှုကို AB၊ ရန်ပုံငွေအဖွဲ့၏ အကျိုးသက်ဆိုင် | MHF မန်နေဂျာ | အပြီးသတ် စာရင်းစစ်ခြင်း/ အပြီးသတ် ဘဏ္ဍာရေး ရှင်းတမ်းက ပြန်လည် ပေးသွင်းရမည့် ပမာဏ ကို ဆုံးဖြတ်သည်။ စာရင်းစစ်လုပ်ငန်းစဉ် အတွင်း OCHA နှင့် မိတ်ဖက်တို့အကြား သဘောကွဲလွဲမှုများကို ကြိုတင် မျှော်လင့်လျက် ကောင်းစွာ လိုက်လံ စောင့်ကြည့်နေရန် အလွန်အရေးကြီးသည်။ GMS တွင်လည်း (စာရင်းစစ် အစီရင်ခံစာ အကြမ်းအပါအဝင်) စာရင်းစစ်ခြင်း လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိသင့်သည်။ ကနဦး ရပ်ဆိုင်းခြင်းကို အဓိက အကျိုးသက်ဆိုင် သူများသို့ ဆက်သွယ် ပြောကြားမည်။ |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| | | သူများနှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းတို့သို့ တရားဝင် ပြောကြားမည်။ OCHA သည် နောက်ထပ် အရေးယူမှုများကို စဉ်းစားရန် HC နှင့် တိုင်ပင်မည်။ | | အကယ်၍ ရပ်ဆိုင်းပြီးနောက် ရက်ပေါင်း ၆၀ ကြာမြင့်သည် အထိ ပြန်လည် ပေးသွင်းမှု မပြုပါက HC သည် မိတ်ဖက်၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည် အချင်းပြည့်မီခြင်း မရှိသည့် အခြေအနေကို AB၊ ရန်ပုံငွေအဖွဲ့ ၏ အဓိက အကျိုးသက်ဆိုင် သူများ (အစုအဖွဲ့ သို့မဟုတ် ကဏ္ဍ) နှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းကို တရားဝင် အတည်ပြုမည်။ |
| **၅။** စောင့်ကြည့် လေ့လာမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများမှ အရေးကြီးသည့် တွေ့ရှိချက်များ | • လိမ်လည်မှု<br>• ရန်ပုံငွေများ အလွဲအသုံးပြုမှု<br>• ရန်ပုံငွေများ ဆုံးရှုံးမှု | • အရေးကြီးသည့် တွေ့ရှိချက်များကို ပြုပြင်ရန် မိတ်ဖက်ဖြစ်သူက လုပ်ဆောင်ခြင်း မရှိလျှင် OCHA သည် တွေ့ရှိချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း စာဖြင့်ရေးသား အကြောင်းကြားမည်။<br>• အကြောင်းကြားသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လက်ခံနိုင်သည့် အကြောင်းပြချက် မရှိဘဲ ပြုပြင်ဆောင်ရွက်မှု မပြုလျှင် မိတ်ဖက်ဖြစ်သူကို MHF | MHF မန်နေဂျာ | မိတ်ဖက်အား စောင့်ကြည့် လေ့လာမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများမှ အရေးကြီးသည့် တွေ့ရှိချက်များကို စာဖြင့် အကြောင်းကြားမည်။ ယင်းတွေ့ရှိချက်များကို အစီရင်ခံရန် လိုအပ်ချက်များ၌ |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| | | ၏ အနာဂတ်ကာလ ရန်ပုံငွေ ထောက်ပံ့ခြင်းမှ ရပ်ဆိုင်းမည်။<br>• (ပြုလုပ်ရန် စီစဉ်ထားသည့် လုပ်ဆောင်ချက်များကို OCHA သို့ ဆက်သွယ် ပြောကြားခြင်း အပါအဝင်) ပြုပြင်ဆောင်ရွက် ချက်များကို မိတ်ဖက်ဖြစ်သူအား ရပ်ဆိုင်းသည်မှ ရက်ပေါင်း ၆ဝ အတွင်း လုပ်ဆောင်ခြင်း မရှိလျှင် HC သည် ရပ်ဆိုင်းခြင်းကို AB၊ ရန်ပုံငွေ အဖွဲ့၏ အကျိုးသက်ဆိုင်သူများနှင့် မြန်မာနိုင်ငံရှိ အလှူရှင် အသိုင်းအဝိုင်းတို့အား ဆက်သွယ်ပြောကြားမည်။ | | ထည့်သွင်းမည်။ မိတ်ဖက်ကို အရေးကြီးသည့် ထောက်ခံ အကြံပြုချက် များအပေါ် အကောင် အထည်ဖော်မှုအား အစီရင်ခံစေပြီး ယင်းကို နောက်ဆက်တွဲ စောင့်ကြည့် လေ့လာမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများဖြင့်လည်း အတည်ပြုမည်။ |
| **၆။** ရန်ပုံငွေ၏ အကျိုး ခံစားသူ မိတ်ဖက်က လိမ်လည်၊ အဂတိ လိုက်စားသည့် လုပ်နည်းလုပ်ဟန်များတွင် ပါဝင်ပတ်သက် နိုင်သည့် အလားအလာ ရှိခြင်း | • ဂုဏ် သတင်း ဆုံးရှုံးနိုင်ခြင်း<br>• ရန်ပုံငွေများ အလွဲအသုံးပြုခြင်း<br>• ရန်ပုံငွေများ ဆုံးရှုံးခြင်း<br>• အလှူရှင်များနှင့် ပတ်သက်၍ တာဝန်ခံမှု မရှိ | • မိတ်ဖက်ဖြစ်သူသည် ယင်း၏ ဝန်ထမ်းများက ပေးအပ်သည့် ဝန်ဆောင်မှု များအတွက် အပြည့်အဝ တာဝန်ရှိသည်။ ထို့ကြောင့် လိမ်လည်မှု၊ ရန်ပုံငွေ များကို လမ်းလွှဲမှု သို့မဟုတ် အလွဲသုံးစားပြုမှုတို့ အပါအဝင် စီမံချက် ဦးတည်ချက်များ ပြီးစီးမှု သို့မဟုတ် ပြီးမြောက် အောင်မြင်မှုကို ထိခိုက်စေမည့် အခြေအနေများအား OCHA သို့ ချက်ချင်း စာဖြင့် ရေးသား အသိပေးရမည်။ | မိတ် ဖက်<br>MHF မန်နေဂျာ<br>OCHA HO<br>CBPF ဌာန<br>HC | ပြုပြင်ရန် အရေးယူ ဆောင်ရွက်ချက်ကို HC မှတစ်ဆင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှု ဆိုင်ရာနှင့် အလှူရှင် အသိုင်းအဝိုင်းနှင့် အရေးယူခြင်းခံရသည့် မိတ်ဖက်တို့သို့ ဆက်သွယ် ပြောကြားမည်။ |

| လိုက်နာဆောင် ရွက်မှု မရှိသည့် အခြေအနေများ | MHF အတွက် ဆုံးရှုံးနိုင်ခြေ | လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူ ဆောင်ရွက်မှုများ | တာဝန်ရှိသူ | မှတ်ချက် |
|---|---|---|---|---|
| | ခြင်းကြောင့် အလှူရှင် မယုံကြည်မှုသို့ ဦးတည်သွားနိုင်ပြီး ထည့်ဝင်မှု ပမာဏလျော့ကျ လာနိုင်ခြင်း | • လိမ်လည်မှု၊ လမ်းလွှဲမှု သို့မဟုတ် အလွဲသုံးစားမှု စွပ်စွဲချက်များ ပါဝင်ပတ်သက် နေသည့် မည်သည့် အခြေအနေများကိုမဆို OCHA CO သို့ (မိတ်ဖက်က ဖြစ်စေ၊ အခြားရင်းမြစ်က ဖြစ်စေ) အကြောင်းကြား သည့်အခါ OCHA မြန်မာနိုင်ငံရုံး (CO) သည် OCHA CBPF ဌာနသို့ ချက်ချင်း အကြောင်းကြား ရမည်။<br>• ထို့နောက် CBPF ဌာနနှင့် CO တို့သည် ရရှိနိုင်သည့် တွေ့ရှိမှုများနှင့် CBPF ဌာန၏ စံပြု လုပ်ထုံး လုပ်နည်း များပေါ် အခြေခံ၍ မည်သို့ဆက်လက် ဆောင်ရွက် မည်ကို ဆွေးနွေးမည်။<br>• အရေးယူဆောင်ရွက်မှုများတွင် HC က စီမံချက် ရန်ပုံငွေကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခြင်းလည်း ပါဝင်နိုင်သည်။ | | |